လုံးချင်းဝတ္ထုသစ်

# ရင်မြတ်နိုး

## ထိချက်ပြင်းတယ်

ပန်းချီ သိန်းရွှေကြည်
2016

# အခန်း(၁)

မဋ္ဌူရီနေထိုင်သော ခြံကြီးရဲ့ အရှေ့မှာ လူတစ်ယောက်လဲကျနေတာကို မထင်မှတ်ဘဲ တွေ့လိုက် ရသဖြင့် ကားကို ဘရိတ်အုပ်ရပ်လိုက်ပြီး အထိတ်တလန့်နှင့် ကားပေါ်ကနေ ဆင်းလိုက်မိသည် ။ သူမ အနားသို့ လျှောက်သွားပြီး ငုံ့ကြည့်လိုက်ရာ သူ့ခေါင်းမှာ ဒဏ်ရာရပြီး သွေးတွေစီးကျလျက် သတိ မေ့မြောနေ၏။ သူမ ခြံစောင့်ကြီး ဦးသီလထံဖုန်းဆက်ပြီး ခြံပြင်ထွက်လာဖို့ အကူအညီတောင်း လိုက်သည် ။

"ဟင် ... မမလေး ... ဘာဖြစ်လို့ လဲ၊ ဒီ ... ဒီလူက"

"ခြံရှေ့မှာ လဲနေလို့ ဆင်းကြည့်တာ ဒဏ်ရာရထားတယ်ထင်တယ် ... ဆေးခန်းပို့ကြရအောင်ပါ ... သူ အသက်ရှူနေသေးတယ် ... ကားပေါ်ပွေ့တင်ပါ"

မဋ္ဌူရီတို့ နယ်မြို့လေးဖြစ်၍ ဆေးခန်းကောင်းကောင်း ကြီးများ မရှိပေ။ သာမန်ဆေးခန်း လောက်ပဲ ရှိသည် ။

"မမလေး ... သူ့ကို တိုက်ထဲသွင်းကြရအောင်ပါ ... အချိန်လည်း လင့်နေပါပြီ၊ ဘာမှန်းလဲ အသေအချာမသိသေးဘူး၊ အရင်ဆုံး စစ်ဆေးကြည့်ရအောင်၊ မမလေးလည်း ဆရာဝန်တစ်ယောက် ပဲလေ"

"ကျွန်မ ဆေးမကုချင်ဘူး ဦးသီလ ... ကျွန်မတို့ နဲ့ လည်း ဘာမှ မဆို

င်ဘူး၊ ဆေးခန်းပဲပို့မယ် … သူ့ဟာသူ ရှင်းလိမ့်မယ်"

"မဟုတ်သေးပါဘူး မမလေးရယ် … မလိုအားအပ်တဲ့ ပြဿနာတွေ ရှုပ်ထွေးလာနိုင်လို့ ပါ၊ မမလေး နာမည်ဂုဏ်သတင်းအတွက်ပဲဖြစ်ဖြစ်၊ ဒီလူမှာ လည်း ဘယ်လိုအန္တရာယ်တွေ ဖြစ်လာမှန်းမှ မသိတာ၊ တိုက်ထဲ ပဲ သွင်းပါ … အခြေအနေကို စစ်ဆေးကြည့်ပြီးမှ လုပ်သင့်တာတွေ ဆ က်လုပ်ကြ မယ်"

ဦးသီလက မဥ္ဇူရီရဲ့ သစ္စာရှိလူယုံတော်ကြီးပါ။ မဥ္ဇူရီငယ်ငယ်လေး တည်းက ထိန်းကျောင်း လာခဲ့သူဖြစ်၍ မိဘလိုဖြစ်နေသည် ။

"အင်းလေး … ဦးသီလဆန္ဒအတိုင်းပဲ လုပ်ကြည့်ကြတာပေါ့"

ဦးသီလက လူနာကိုပွေ့ပြီး တိုက်ကြီးထဲခေါ်ဆောင်သွားသည် ။ မဥ္ဇူ ရီလည်း ကားပေါ်ပြန်တက် ပြီး မောင်းဝင်လာခဲ့၏။ ဒီညက အလုပ်ကိစ္စ တစ်ခုနှင့် မဥ္ဇူရီ အပြန်နောက်ကျသွားခြင်းဖြစ်သည် ။ သူမ ကားရပ်ပြီး တိုက်ကြီးထဲဝင်လာခဲ့၏။ သူကတော့ သတိလစ် မေ့မြောနေဆဲပင်။ ဦး သီလရဲ့ ဇနီး ဒေါ်စောမေလည်း ရောက်လာသည် ။

"ကိုသီလ ဘာဖြစ်တာလဲဟင်၊ သူ … သူက ဘယ်သူလဲ"

"မသိဘူး … ခြံဝမှာ လဲနေလို့ အထဲခေါ်လာတာပါ၊ ကြည့်ပါဦး … မ မမလေး ဒဏ်ရာ အခြေအနေ …"

မဥ္ဇူရီ ဆေးမကုတာ တစ်နှစ်လောက်ပင်ရှိနေပြီဖြစ်သည် ။ လွန်ခဲ့ တဲ့ တစ်နှစ်လောက်က လူနာ တစ်ယောက်အား ဆေးကုသမှု မှားယွင်း သွားခဲ့သဖြင့် ဆေးကုသမှုလက်မှတ် အသိမ်းခံလိုက်ရ၍ ဖြစ်၏။ စိတ် တွေက နာကျင်လာရသည် ။

"ဒီမှာ လိုအပ်တဲ့ ပစ္စည်းတွေပါ မမလေး … လက်အိပ်စွပ်ပါ၊ ဒဏ်ရာ

ကို စစ်ဆေးပါဦး"

"မမလေး သတိထားပါ၊ စိတ်ကို ထိန်းချုပ်ထားပါနော် ... ဆေးပညာဆိုတာ လူ့အသက်ကို ကယ်တင် စောင့်ရှောက်ပေးတာပါ"

မဥ္ဇူရီအကြောင်းသိထားတဲ့ ဦးသီလတို့ ဇနီးမောင်နှံက သတိပေးနေကြသည် ။ တကယ်လည်း ဆေးကုသမှုကို စိတ်ဒဏ်ရာရထား၍ ခံပြင်းနာကျင်ရသည် ။

"မမလေး ကြည့်ပါဦး ... ဒဏ်ရာကတော့ သိပ်မများ ပါဘူး၊ ခေါင်းကွဲတာက အပေါ်ယံလေးပဲ"

မဥ္ဇူရီ စစ်ဆေးကြည့်လိုက်တော့ ဒဏ်ရာက အပေါ်ယံရှပ်၍ ရှည်မျောမျောကွဲနေသည် ။ သွေးထွက်များ နေပုံပင်။

"ဒဏ်ရာက ချုပ်ရမယ် ဦးသီလ ... လိုအပ်တာတွေ ပြင်ဆင်ပေးပါ"

"ဟုတ်ကဲ့"

ဦးသီလက လိုအပ်တဲ့ ပစ္စည်းတွေကို ယူဆောင်လာပေးသည် ။ ကူညီနေကျပါ။ ပေါင်းထားတဲ့ ပိုးသတ်ပြီးသား ကိရိယာတွေလည်း အဆင်သင့်ရှိနေ၏။ ဦးသီလအား သူ့ဆံပင်တွေကို ရိပ်ပေးဖို့ ပြောရ၏။ ဦးသီလက ဒဏ်ရာတစ်ဝိုက်ကို ဆံပင်တွေရိပ်ပေးသည် ။

"ထုံဆေးထိုးမယ် ... ဒဏ်ရာကတော့ သိပ်မများ ပါဘူးလေ၊ ကျွန်မတို့ အမြန်ဆုံး ချုပ်ပေးရ မယ်၊ သွေးထွက်လွန်မှာ ကြောက်ရတယ်"

လိုအပ်တာတွေကို လျင်မြန်စွာပြင်ဆင်၍ သူ့ဒဏ်ရာကိုချုပ်ပေးရာ ကိုးချက်လောက် ချုပ်ရ သည် ။

"အင်း ... လူကတော့ လူရည်သန့်လေးပဲ၊ မမလေးအရွယ်ပဲ ... အသ

က်သုံးဆယ်ကျော်ပဲ ရှိဦးမယ် ... ချောချောသန့်သန့်လေးပဲ၊ ဘယ်လိုအန္တရာယ်တွေ ကြုံတွေ့လာရလဲဆိုတာတောင် မသိပါဘူး"

ဦးသီလက အဝတ်အစားတွေ သန့်ရှင်းရေးလုပ်ပေးရင်း ပြောနေသည် ။ ဟုတ်တယ် ... သူက မဥ္ဇူရီတို့ အရွယ် လူချောတစ်ယောက်ပါ။ အင်္ကျီက ရုပ်အင်္ကျီအဖြူ နက်တိုင်အနက်စင်းနှင့် ဘောင်းဘီ ရှည်အနက်ရောင်ကို ဝတ်ဆင်ထား၏။ လူရည်သန့်တစ်ဦးပင်။ အင်္ကျီမှာ သွေးတွေနှင့် ပေကျံနေသည် ။

"လောလောဆယ်တော့ ဒီအခန်းမှာ ပဲ ထားလိုက်မယ်နော် မမလေး ... ဦးလေး စောင့်ကြည့်ပေးနေမယ်"

"သူသတိရလာမှာ ပါ ... သွေးပေါင်ချိန်ကျနေပေမဲ့ အားဆေးတွေ သွင်းပေးထားတာပဲ သိပ်ပြီး စိုးရိမ်စရာမရှိပါဘူး"

"မမလေး အနားယူပါ ... သူသတိရလာလည်း ဦးလေးပဲ အကျိုးအကြောင်း မေးမြန်းထား ပါ့မယ်၊ မမလေး မနက်မှ ပဲ လာကြည့်ပါတော့"

"ဟုတ်ကဲ့"

မဥ္ဇူရီ ထွက်လာခဲ့သည် ။ သူမအခန်းထဲရောက်လာတော့ အဝတ်အစားပင် မလဲနိုင်တော့ဘဲ အိပ်ရာပေါ် ပစ်လှဲချပစ်လိုက်သည် ။ အခုတလော မဥ္ဇူရီ စိတ်ညစ်စိတ်ရှုပ်ထွေးစရာတွေပဲ တွေ့နေရ၏။ သူမစိုက်ပျိုးထားတဲ့ သရက်ခြံတွေ သရက်သီးတွေ ဝင်ခိုးနေ၏။ ခြံစောင့်နှင့်ပေါင်းပြီး လုပ်ကြတာပဲ ဖြစ်သည် ။ လူသစ်ခန့်ရ ရှင်းရနှင့် အခုလည်း ဘယ်ကလူမှန်းမသိ ဒဏ်ရာတွေနှင့် သူ့တိုက်ထဲ ရောက်လာသည် ။

"ဘာတွေလဲ စိတ်ရှုပ်လိုက်တာနော် ... ပြဿနာတွေ ဆက်တိုက်ပဲ"

သူမ မျက်ဝန်းလေးတွေကို မှိတ်ထားရင်း ညစ်နွမ်းရုပ်ထွေးတဲ့ အကြောင်းအရာတွေကို ဖယ်ရှား ပစ်နိုင်အောင် ကြိုးစားနေကာမှ အတိတ်ကအကြောင်းတွေ တားမရဆီးမနိုင် အမှတ်ရလာသည် ။

"ကျွန်မအဖေ အကောင်းကြီးပါ .. ရှင်ဆေးထိုးပေးမှ အသက်ဆုံးရှုံးရတာ၊ ရှင့်ကို ရဲစခန်း တိုင်မယ်"

"လူနာက နှလုံးအရမ်းအားနည်းနေလို့ ပါရှင် ... ကျွန်မကြောင့် မဟုတ်ပါဘူး"

"ဘာလို့ မဟုတ်ရမှာ လဲ ... အဖေနည်းနည်းလေးဖျားတာပါ၊ အခု ဆေးထိုးအပ်လည်း နုတ်ရော မောတယ် ကျပ်တယ်ဆိုပြီး အသက်မရှိတော့တာပဲ ... တိုင်ရမယ်၊ ရှင်တို့ ဆရာဝန်တွေက ဒီလိုပဲ မတတ်တတတ် နဲ့ ပေါ့ပျက်ပျက်လုပ်တာ ပညာပေးရလိမ့်မယ် ... တိုင်မယ်"

မဥ္ဇူရီအမှားလည်း ပါတယ်။ လူနာက အသက်ကြီးတဲ့ အပြင် နှလုံးအားက အလွန်အမင်း ကျဆင်းနေတာကို သတိမထားမိဘဲ ဆေးတစ်လုံးထိုးပေးမိသွားသည် ။ မဥ္ဇူရီက လက်ထောက် ဆရာဝန်ပါ။ ဆေးခန်းမှာ တာဝန်ယူထားတဲ့ ဆရာဝန်မလာ၍ မဥ္ဇူရီ ခေတ္တခဏဝင်ကြည့်ပေးနေစဉ် ထိုအဖြစ်အပျက်နှင့် ကြုံတွေ့ရခြင်းဖြစ်သည် ။ နောက်ပိုင်း လူနာရှင်က အမှုရုပ်သိမ်းသွားခဲ့ပေမဲ့ မဥ္ဇူရီရဲ့ မှားယွင်းမှုက ထင်ရှားနေသဖြင့် ဆေးကုသခွင့်လက်မှတ်အားလုံး သုံးနှစ် သိမ်းဆည်းခံလိုက် ရသည် ။

"နာမည်ပျက်ရတယ် ... ရှက်စရာ ကောင်းလိုက်တာနော်"

ထို့ကြောင့် ပင် မဥ္ဇူရီ ရန်ကုန်မှာ မနေချင်တော့ဘဲ နယ်မြို့လေးတစ်မြို့မှာ ခြံဝယ်ပြီး စိုက်ပျိုး ရေးတွေပဲ လုပ်နေခြင်းဖြစ်သည် ။ မဥ္ဇူရီ ငယ်ငယ်လေးတည်းက အဖေဆုံးခဲ့၍။ လွန်ခဲ့တဲ့ နှစ်နှစ် လောက်တွင် အမေ

ဆုံးသည် ။ အထီးကျန်ဘဝမှာ ပင် ထပ်ပြီး အထီးကျန်စရာအကြောင်းက ပေါ်ပေါက် လာရသည် ။

"စိတ်ပျက်စရာကောင်းလိုက်တဲ့ လောကကြီးပဲ ... အခုလည်း ဒီလူက ဘာလဲ ... ဘယ်လို အတိတ်တွေ ရှိနေခဲ့တာလဲ"

မဥ္ဇူရီ အိပ်မပျော်နိုင်။ သူ့ဒဏ်ရာက မများ ပေမဲ့ ခေါင်းကို ထိထားတာဆိုတော့လည်း စိတ်ပူရ သည် ။ သူမ ဆေးမကုတာ ကြာပါပြီ။ ဆေးကုသချင်စိတ်လည်း မရှိ။ ဆေးကုသခွင့်လက်မှတ် ပြန်ရ လည်း ဆေးမကုတော့ဘူးဟု ဆုံးဖြတ်ထား၏။ ဒေါက်တာမဥ္ဇူရီဘဝမှာ ငွေကြေးထက် လူတွေရဲ့ အသက်တွေ ကယ်တင်ပေးချင်မိလို့ ဆေးပညာသင်ခဲ့တာပါ။ ငွေကြေးက ပြည့်စုံပြီးသားပါ။ ဖေဖေရော မေမေပါ ပညာတတ်တွေဖြစ်၍ ငွေကြေးဥစ္စာ ရှာဖွေနိုင်သည် ။

မေမေရေ မဥ္ဇူရီတစ်ယောက်တည်း ဘဝကို ရုန်းကန်လှုပ်ရှားရတာ အတော်လေး အခက်အခဲ တွေနဲ့ ကြုံတွေ့ရတာပဲ။ မိခင်ကို တမ်းတမိသည် ။

"သမီးတစ်ယောက်တည်း အထီးကျန်နေတယ် မေမေ ... ငွေကြေးမချို့တဲ့ ပေမဲ့ စိတ်ရှုပ်ထွေး စရာတွေ အများကြီးပဲ"

ဆရာဝန်ဆိုတာ မိန်းကလေးတစ်ယောက်အတွက် အတင့်တယ်ဆုံး ဂုဏ်ပုဒ်တစ်ခုဟု မေမေက ပြောခဲ့သည် ။

"သမီးက အသက်ကယ်တင်ချင်ခဲ့တာလေ ... မေမေ့သမီးလေးဘဝနဲ့ လိုက်ဖက်တယ်"

မေမေရဲ့ ထိန်းသိမ်းစောင့်ရှောက်မှုအောက်မှာ မဥ္ဇူရီဘဝ အေးချမ်းပျော်ရွှင်ခဲ့ရသည် ။ မေမေ ဆုံးပါးသွားပြီးနောက်ပိုင်းမှာ မဥ္ဇူရီတစ်

ယောက်တည်း အခက်အခဲတွေ မြောက်မြားစွာ ရင်ဆိုင်ကြုံတွေ့ခဲ့ရသည် ။

"ကံကောင်းလို့ ထောင်ထဲမရောက်ခဲ့တာပါ ... မိန်းမက အကြီးအကျယ်ပေါက်ကွဲပြီး မဥ္ဇူရီကို ထောင်ထဲထည့်ပစ်ချင်တာပါ ယောက်ျားက တားလို့ တဲ့ ..."

သူမ ညဥ့်အတော်နက်မှ အိပ်ပျော်သွားသည် ။ နေမြင့်မှ အိပ်ရာက နေ နိုးလာ၏။ လူနာ အခြေအနေ ဘယ်လိုဖြစ်သွားပြီလဲ။ မဥ္ဇူရီထပြီး ရေချိုးခန်းထဲ ဝင်လာခဲ့သည် ။

"ရှင် ဘယ်သူလဲ ... ဘယ်လိုအခက်အခဲတွေ ပြဿနာတွေ ရင်ဆိုင်ကြုံတွေ့လာရလဲ ... ဒဏ်ရာကတော့ အရိုက်ခံရခြင်းဖြစ်နိုင်တယ်"

သူမ ရေချိုးခန်းထဲကထွက် လာပြီး အဝတ်အစားလဲကာ အပြင်ထွက်လာခဲ့သည် ။

"မမလေး"

"ဦးသီလ ... လူနာအခြေအနေကရော သတိရပြီလား"

"မရသေးဘူး မမလေး အိပ်နေတယ် ... ဆေးသွင်းတာတော့ ရပ်သွားပြီ၊ ဖြုတ်ထားတယ်"

"အင်း .."

လူနာရှိတဲ့ အိပ်ခန်းထဲသို့ မဥ္ဇူရီ ဝင်လာခဲ့သည် ။

"အင်း ... အား ... ကျွတ် ... ကျွတ် ..."

"ဟင်"

လူနာက ညည်းညူသံလေးနှင့် လူးလွန့်လာသည် ။ မဥ္ဇူရီ အသေအချာစိုက်ကြည့်ပြီး လိုအပ်တဲ့ စမ်းသပ်မှုတွေ ပြုလုပ်ပေးနေရ၏။ သူ ကောင်းကောင်း သတိရနေပြီဖြစ်သည် ။

"အင်း ... အင်း ... အား"

"ဒီမှာ ... ရှင် ... ရှင် သတိရပြီလား"

"အား ... ကျွတ် ... ကျွတ်"

"ဒီမှာ "

"အင်း"

"ရှင် သတိရ လာပြီလား"

ညင်သာတိုးတိတ်လွန်းတဲ့ အသံတစ်ခုက သူ့အနားမှာ ကပ်ပေါ်လာသဖြင့် သူ့မျက်လုံးတွေကို ဖွင့်ကြည့် မိသည် ။

"ရှင် ... ရှင် ... သတိရပြီလား၊ ဒီမှာ ... ဒီမှာ "

"အင်း ... သတိရပါပြီ၊ ကျွန်တော် ဘယ်ရောက်နေတာလဲ၊ အား ... နာလိုက်တာ၊ ခေါင်းတွေလည်း အရမ်းကိုက်နေတယ်"

"ရှင် ဒဏ်ရာတွေနဲ့ ကျွန်မခြံဝမှာ လဲနေတာပါ"

"ဗျာ"

သူ ကောင်းကောင်း သတိရ လာပြီဖြစ်သည် ။ ဒဏ်ရာတွေနဲ့ ခြံဝမှာ လဲနေတာတဲ့ ။ သူမကရော ဘယ်သူလဲ။ သူ့ဒဏ်ရာတွေက ဘာကြောင့် ရလာတာလဲ။ စဉ်းစားကြည့်မိသည် ။

"ရှင် ထနိုင်လား ... ကျွန်မက ဆရာဝန်တစ်ယောက်ပါ၊ ဒေါက်တာမဥ္ဇူရီပါ"

"ဗျာ"

"ဦးလေးသီလ သူ့ကို ထူမတ်ပေးထားပါ"

"ဟုတ်"

ဦးလေးသီလက ထူပေးပြီး ထိုင်စေသည် ။

"ရှင့်နာမည် ဘယ်သူလဲ ..."

"ဗျာ"

"ဒဏ်ရာကရော ဘာဖြစ်လို့ ရလာတာလဲ ... နေတာကရော ..."

"ဗျာ"

"ဒုက္ခပါပဲ"

သူ့ရှေ့မှာ ဦးလေးကြီးတစ်ယောက်နှင့် မိန်းမချောလေးတစ်ယောက် ရပ်နေသည် ။ ဒေါက်တာ မဥ္ဇူရီတဲ့ ။ လှပသေသပ်တဲ့ အိပ်ခန်းလေးတစ်ခုထဲမှာ သူရောက်နေ၏။ ဘယ်လိုအကြောင်းကြောင့် လည်း ဆိုတာ သူ လုံးဝ စဉ်းစားမရ။

"ကျွန်တော် ... ကျွန်တော် ခေါင်းမှာ ဒဏ်ရာရလို့ လားမသိဘူး၊ ဘာမှ စဉ်းစားလို့ မရဘူး ဖြစ်နေတယ် ဒေါက်တာ"

"ရှင်"

"တကယ်ပါ ... ကျွန်တော် အခုပဲ စဉ်းစားနေတာ၊ ကျွန်တော့်နာမည်တောင် ကျွန်တော် စဉ်းစားလို့ မရဘူး ... ဘာကြောင့် ဒဏ်ရာရခဲ့တာလဲ ၊ ကျွန်တော့်နာမည်ကရော ..."

ခေါင်းကို ဒဏ်ရာရထားသဖြင့် သတိမေ့လျော့တာလည်း ဖြစ်နိုင်သ

ည် ။ မဥ္ဇူရီ လူနာလိမ်ပြော နေတာဟု လည်း သူမ ထင်မိ၏။ ဘာကြောင့် လဲ ... သူ့ပုံစံက ရည်မွန်ပြီး သန့်နေသည် ။ လူကြီး လူကောင်းပုံစံပါ။

"ဒေါက်တာ ... ကျွန်တော့်ကို ယုံကြည်ပေးပါဗျာ ... ကျွန်တော် တကယ်ပဲ ဘာမှ မသိတာပါ ... စဉ်းစားလို့ မရဘူး"

သူ စဉ်းစားသည် ။ ခေါင်းထဲမှာ မူးနောက်ရီဝေလာသည် ။

"အား ... ကျွတ် ... ကျွတ် အရမ်းရှုပ်ထွေးနေသလိုပဲ ... ကျွန်တော် ဘာမှ စဉ်းစားလို့ မရတော့ဘူး ... အား ..."

"ရှင် အနားယူလိုက်ပါ၊ တဖြည်းဖြည်းစဉ်းစားတာပေ့ါ ... ကျွန်မကို တော့ အမှန်အတိုင်းပဲ မခြွင်းမချန် ပြောပြစေချင်ပါတယ်"

"ဟုတ်ကဲ့"

"စဉ်းစားပါ အမှန်အတိုင်း သိမှ ဖြစ်မယ်နော် ... ကျန်းမာရေးကောင်းတဲ့ အထိ နေနိုင်ပါတယ်၊ ကျွန်မ သက်ဆိုင်ရာကို အကြောင်းကြားသင့်ရင် အကြောင်းကြားရပါမယ်"

"ကျွန်တော့်ကို ယုံပေးပါ၊ တကယ်လည်း စဉ်းစားလို့ မရပါဘူး ... ကျွန်တော်လည်း ဘာတွေ ဖြစ်ပျက်ခဲ့လဲဆိုတာ သိချင်နေပါတယ် ဒေါက်တာ"

သူ ဘယ်လိုအကြောင်းတွေနဲ့ ဒဏ်ရာတွေရပြီး ရောက်လာရတာလဲ ဆိုတာ စဉ်းစားရင်း ခေါင်းတွေ မူးနောက်နေသည် ။

***

# အခန်း(၂)

"ကျွန်တော့်နာမည် ဘယ်သူလဲ ဦးလေးသီလ ... တကယ်ပါ ကျွန်တော့်ကို ယုံကြည်ပေးပါဗျာ၊ စဉ်းစားလို့ လုံးဝမရတာပါ"

သူ စဉ်းစားသည် ။ အရာအားလုံးက မှောင်မိုက်နေသည် ။ လူကောင်းလား ... လူဆိုးလား။ ဘာကြောင့် ဒဏ်ရာရခဲ့ရတာလဲ။ သတိမရခဲ့။ အရမ်းတွေး လာလေ ရှုပ်ထွေး လာလေပဲ။ သူ့ဒဏ်ရာက ကျက်သလောက်ဖြစ်နေသည် ။

"ဒေါက်တာမဥ္ဇူရီကရော ကျွန်တော့်ကို ယုံပါ့မလားဗျာ ... တကယ်ပါ ..."

"မင်းပြောတာလည်း ဖြစ်နိုင်တာပဲ မောင်ရင် ... ခေါင်းအေးအေးထားပါကွာ ... မင်းက လူဆိုး တစ်ယောက်တော့ လုံးဝမဖြစ်နိုင်ပါဘူး"

"ကျွန်တော့်ကို အခုလို ယုံကြည်ပေးတာ ကျေးဇူးတင်ပါတယ်"

ဒေါက်တာမဥ္ဇူရီကလည်း ဆေးကုသမှုမှားယွင်းသဖြင့် ဆမအသိမ်းခံထားရ၍ မောင်ရင် ကြောင့် ထပ်ပြီး နာမည်မပျက်လိုသဖြင့် မောင်ရင်ကိစ္စ သိုသိုသိပ်သိပ် လုပ်ဆောင်နေသည် ဟု ဦးသီလက ပြောပြသည် ။

"ကောင်းပါတယ် ဦးသီလ ... ကျွန်တော်လည်း အခြေအနေကို ဘာမှရေရေရာရာ မသိသေး ဘူး"

"မမလေး ပြောစကားအရတော့ အဝေးပြေးကားလမ်းမပေါ်မှာ သွေးကွက်တွေ တွေ့ရတယ်တဲ့ ... ဒီခြံနဲ့ မလှမ်းမကမ်းဘဲ၊ မောင်ရင်ရိုက်ပြီး အလုခံလိုက်ရတာလားပဲ"

သူ စဉ်းစားသည် ။ ဘယ်လိုမှ အသိတရားတွေက ဝင်းလက်မလာပေ။ အမှတ်ရတာ တစ်ခုမှ မရှိတော့။ သူဝတ်စားမှုအရ တောက်ပသစ်လွင်မှုရှိနေသည် ။ ဒေါက်တာမဥ္ဇူရီ ဝင်လာ၏။ သူမ အကြောင်း သိရတော့လည်း သူ စိတ်မကောင်းဖြစ်ရသည် ။

"ခုထိ ရှင် ဘာမှ စဉ်းစားလို့ မရသေးဘူးလား"

"မရသေးပါ ဒေါက်တာ ... ယုံပေးပါဗျာ ... ကျွန်တော် တကယ်ပဲ ဘာမှ အမှတ်မရတော့ဘူး"

"အင်းလေ ... ဘယ်တတ်နိုင်မလဲ၊ မစဉ်းစားပါနဲ့ ဦး၊ ရှင့်ဒဏ်ရာတွေ ပျောက်ကင်းသွားမှ စဉ်းစားပါ၊ လိုအပ်တဲ့ ဆေးဝါးတွေ ကျွန်မ ယူလာပါတယ် ... ဦးလေးသီလ တိုက်ပါလိမ့်မယ်"

"ဟုတ်ကဲ့ ... ကျေးဇူးပါပဲ ဒေါက်တာ"

"မမလေးရေ ... အခုတော့ လောလောဆယ် ခေါ်လို့ ရအောင် မောင်ရင့်ကို နာမည်လေးတစ်ခု ပေးကြရအောင်"

"ကောင်းတယ်လေ ... ပြော ... ရှင် ဘယ်လိုနာမည်မျိုးကြိုက်လဲ .."

"ကျွန်တော်ကတော့ ဘာမှ စဉ်းစားလို့ မရဘူး ဦးလေးသီလပဲ သဘောကျတဲ့ နာမည်ပေးပါတော့ ဗျာ"

"ကျွန်မ ပေးမယ်"

သူ ရုပ်ရည်ချောမောခန့်ညားပြီး အရပ်အမောင်းမြင့်မြင့်နှင့် ဟန်ပန်

အမူအရာဝင့်ကြွားသည် ။

"ကင်း လို့ ..."

"ကင်း ..."

"ဘုရင်လေ ..."

"King (ကင်း)လား" ညည

"ဟုတ်တယ် ဦးလေးသီလ"

"ကောင်းတယ် ... ကောင်းတယ်၊ မောင်ရင့်ပုံစံက တကယ့်ကို ဝင့်ကြွားပြီး ဘုရင်တစ်ပါးလို ခန့်ညားတယ်"

"ဒေါက်တာမှ ညွှန့်ပေးတဲ့ နာမည်ဖြစ်နေလို့ ကျွန်တော်သဘောကျတယ် ... ကျွန်တော့်နာမည် ကင်းပေါ့ ..."

"အင်း"

မဥ္ဇူရီတို့ က နယ်မြို့လေးရဲ့ အစွန်မှာ ခြံကြီးတစ်ခြံဝယ်ပြီး နေရတာဆိုတော့ တစ်ခါတစ်ရံ ပျင်းရိငြီးငွေ့ဖွယ်ကောင်းသည် ။ အပျော်မရှိကြ။ ရယ်မောပျော်ရွှင်စရာ ရှာကြံရ၏။ ကင်းကြောင့် မဥ္ဇူရီ တို့ ခြံကြီး အသက်ဝင်လှုပ်ရှားသွားရသလိုပင် ရယ်မောနိုင်လာကြသည် ။

"ကဲ ... အားလုံး မနက်စာသုံးဆောင်နိုင်ပါပြီ၊ စားသောက်ခန်းကို ကြွကြပါ"

ဒေါ်စောမေက ဝင် လာပြီး မနက်စာ စားသောက်နိုင်ကြောင်း ပြောသည် ။

"မောင်ရင်ရော ထနိုင်လား ... အောက်ဆင်းစားမလား"

"သူ့နာမည်က ကင်းတဲ့ မစောရေ ... မောင်ရင် မဟုတ်တော့ဘူး၊ က

င်းလို့ ပဲခေါ် ... မမလေး ကိုယ်တိုင် ပေးထားတဲ့ နာမည်လေ"

"ကောင်းလိုက်တာ ... မောင်ရင်နဲ့ လိုက်ဖက်တယ် ... ကင်း"

"ကင်းလည်း ကျွန်မတို့ နဲ့ အတူတူ အပြင်ထွက်စားလိုက်ပါလား ... ရမလားဟင်"

"ရပါတယ် ဒေါက်တာ"

"မဥ္ဇူရီပဲခေါ်ပါ ... ဒီမှာ လူကလည်း သိပ်မများ တော့ ရင်းရင်းနှီးနှီး နေနိုင်ပါတယ် ကင်း .."

"ဟုတ်ကဲ့ ... အားလုံးကို ကျေးဇူးတင်ပါတယ်ဗျာ ... နွေးနွေးထွေးထွေး ဆက်ဆံပေးကြလို့ လေ"

"အတိတ်က ရေစက်ရှိနေလို့ မထင်မှတ်ဘဲ လာဆုံကြရတာပဲလေ ... ရပါတယ်၊ ကဲ ... လာကြ"

ကင်းတဲ့ ... သူ့နာမည်ကိုတော့ ဒေါက်တာမဥ္ဇူရီက ပေးလိုက်၍ အမှတ်တရ သူ့ရင်ထဲမှာ နှစ်သက်စွာ သိမ်းထားခဲ့မိသည် ။ နယ်မြို့လေးအစွန်အဖျားဖြစ်နေပေမဲ့ သာယာလှပအေးချမ်းတဲ့ ခြံကြီး တစ်ခြံဖြစ်နေ၏။ တိုက်လေးကလည်း လှပဆန်းကြယ်လျက် နေချင့်စဖွယ်လေးဖြစ်သည် ။

"ဒီမနက်တော့ ရွှေတောင်ခေါက်ဆွဲ ချက်ထားတယ်၊ ကင်းရော ကြိုက်ရဲ့ လား ..."

"ကြိုက်ပါတယ်၊ ဒီအစားအသောက်တွေက ကျွန်တော်နဲ့ ရင်းနှီးနေသလိုပဲ ခံစားရတယ် ဒေါ်လေးစောမေ ..."

"ဟုတ်မှာ ပေါ့လေ၊ မောင်ရင်က အင်း ... ကင်းက လူကုံထံတစ်

ယောက်ပဲ"

ရွှေတောင်ခေါက်ဆွဲကလည်း ကင်း ခံတွင်းထဲမှာ အရသာတွေ့နေသည် ။

"ဒေါ်လေးစောက အရမ်းအချက်အပြုတ်ကောင်းတယ်၊ ကျွန်တော် ခံတွင်းတွေ့လိုက်တာ"

"မစောက အချက်အပြုတ် အရမ်းကျွမ်းတာ မမလေးအမေ လက်ထပ်သင်ပေးထားတာပါ ကင်း ... မမလေးလည်း အချက်အပြုတ် လက်ရာကောင်းတယ်"

"ဟုတ်လား မဋ္ဌူရီ"

"အင်း"

မဋ္ဌူရီဟု ခေါ်လိုက်မိသဖြင့် သူ့ရင်တွေ တဒိန်းဒိန်းဆောင့်ခုန်သွားသည် ။ တုန်တုန်လှုပ်လှုပ်ကြီး ဖြစ်သွားရ၏။ မျက်နှာတွေပင် ပူထူနေ၏။ မဋ္ဌူရီ ... ဒေါက်တာမဋ္ဌူရီ။ တည်ငြိမ်ရင့်ကျက်လျက် အိစက်ဖူးဖူးစင်စင်နှင့် လှပချောမောသူဖြစ်သည် ။

"ကင်း"

"ပြောပါ မဋ္ဌူရီ"

"မနက်စာ စားပြီးရင် ကျွန်မတို့ လမ်းလျှောက်ထွက်မယ်၊ ရှင်ထွက်ပြေးလာတဲ့ လမ်းကြောင်း ကို ပြမလို့ ပါ၊ တစ်ခုခုများ အမှတ်ရနိုင်မလားလို့ လေ ..."

"ကောင်းတယ် မဋ္ဌူရီ ..."

စားသောက်ပြီးသည် နှင့် နှစ်ယောက်သား

လမ်းလျှောက်ထွက်လာကြသည်။

"ကင်း ... ရလား ... ခေါင်းကရော အခြေအနေကောင်းရဲ့ လား"

"ရတယ် မဥ္ဇူရီ ... ခေါင်းက ကြည်လင်ပါတယ်၊ လမ်းလျှောက်ရတာလဲ ကောင်းပါတယ်"

"အိုကေ ... သွားကြမယ်"

ခြံကြီးထဲ လျှောက်ရတာပင် အကျယ်ကြီးပဲ။ စားပင်သီးပင်တွေနှင့် လှပဝေဆာပွင့်နေတဲ့ ပန်းမန်တွေ အစုံအလင်ပင်။ သာသာယာယာနှင့် နေချင့်စဖွယ်ဖြစ်နေသည်။

"ရှင့်ကို ကျွန်မတွေ့တာ ဒီခြံဝမှာ လဲနေတာပဲ ကင်း"

"ကိုယ် ဘာဖြစ်လာတာလဲ .. ကံကောင်းလို့ မသေတာပါ၊ မဥ္ဇူရီ တွေ့လို့ ပေါ့ ..."

"ဟုတ်တယ် ... ဒီညမှ ခြံကိစ္စနဲ့ ကျွန်မ အပြန်နောက်ကျတာပါ၊ အခါတိုင်းဆို ဘယ်သူမှ အပြင်မထွက်ကြတော့ဘူး၊ ရှင် သွေးထွက်လွန်နိုင်တယ်"

"ဟုတ်တယ်"

မဥ္ဇူရီတို့ ခြံကြီးနှင့် မလှမ်းမကမ်းတွင် အဝေးပြေးကားလမ်းမကြီးရှိသည် ။ မနက်ပိုင်း မဥ္ဇူရီ ခြံထဲသွားတော့ လမ်းမပေါ်မှာ သွေးကွက်တချို့ တွေ့ရသည်။

"ဒီလမ်းတစ်လျှောက်မှာ လည်း သွေးစက်တွေ့တယ် ... ဖြစ်နိုင်တာကတော့လေ ရှင် လမ်းမကြီးပေါ်ကနေ ပြေးလာပုံပဲ"

"ဟုတ်တယ် မဥ္ဇူရီ ... လမ်းမကြီးပေါ်မှာ အန္တရာယ်တစ်ခုခုတွေ့ပုံရ

တယ် ... ကိုယ် ကားနဲ့ လာတာလည်း မဖြစ်နိုင်ဘူးထင်တယ်၊ ကားရပ်ထားတာ တွေ့လား"

"ဘာမှ တော့ မတွေ့ဘူး၊ သွေးကွက်ပဲတွေ့တာပါ ... တခြားဘာသဲလွန်စမှ မတွေ့ဘူး ကင်း"

ထိုလမ်းမပေါ်ရောက် လာပြီး သွေးကွက်တွေ့ရတဲ့ နေရာကို ပြသည်။ သွေးကွက်တွေက ခြောက်သွေ့နေပြီ။ ကင်း စဉ်းစားနေမိ၏။ ဘာကြောင့် လဲ ... သူဘယ်ကနေပြန် လာပြီး လမ်းမှာ ကားပဲ လုယက်ခံလိုက်ရတာလား။ တခြားသဲလွန်စကို မတွေ့ဟု မဥ္ဇူရီက ပြောသည် ။

"ကိုယ် ဘယ်ကနေလာတာလဲ ... တခြားသဲလွန်စ ဘာမှ မတွေ့ဘူးဆိုတော့ စဉ်းစားမရဘူး မဥ္ဇူရီ"

"ရပါတယ် ... ဖြည်းဖြည်းချင်း စဉ်းစားပါ၊ ဆေးတွေလည်း သောက်ရမယ် ... ရှင့်ခေါင်း ဒဏ်ရာ အနာကျက်ဖို့ လိုတယ်"

"ကျေးဇူးပါပဲ မဥ္ဇူရီရယ်"

"ကင်း"

"ဟင်"

"ပြန်ကြမလား"

"ခဏ"

"ဘာဖြစ်လို့ လဲ"

"ကိုယ့်ခေါင်းထဲမှာ နည်းနည်းလေး ဝင်းလက်လာသလိုပဲ၊ ကိုယ် လုပ်ငန်းကြီးကြီးတစ်ခုခုမှာ ဦးဆောင်သူဖြစ်မလားဘဲ ... ဟိုမှာ လှမ်းတွေ့နေရတဲ့ စက်ရုံကြီးက ကိုယ်နဲ့ မစိမ်းဘူး"

"ဟုတ်လား ... အဲဒီစက်ရုံက နိုင်ငံခြားသားတွေ ပိုင်တာပါ၊ မဥ္ဇူရီတို့ သရက်ခြံကြီးထဲ အမြဲတမ်း သရက်သီးလာဝယ်တယ်"

"မဥ္ဇူရီတို့ သရက်ခြံက ဘယ်နားမှာ လဲ"

"ဟိုးမှာ ဝေးတယ် ... ကျွန်မ ဆေးကုသမှု ရပ်ဆိုင်းခံလိုက်ရတည်းက စိတ်ဓာတ်ကျပြီး ဒီမှာ ခြံဝယ် စိုက်ပျိုးရေးလုပ်နေခဲ့တာပါ ကင်း"

"ကောင်းတာပဲ ... ကိုယ့်ဘဝကို အေးချမ်းစွာ ဖြတ်သန်းနည်းပဲ"

"အင်းနော်"

ကင်းက မပြန်ချင်သေးဘူးဟု ပြောကာ လမ်းဘေးမှာ ဝင်ထိုင်သည် ။ သူ့ကို မဥ္ဇူရီ စူးစူးစိုက်စိုက် ကြည့်မိသွားပြီး ဦးလေးသီလပြောသလိုပဲ အတိတ်က ရှေးရေစက်ကြောင့် ပဲလား မထင်မှတ်စွာ လာဆုံ တွေ့ရ၏။ မဥ္ဇူရီ ပညာရေးပဲ အာရုံစိုက်လျက် ယောကျ်ားတွေနှင့် အကင်းရှင်းဆုံး နေထိုင်ခဲ့သည် ။ ချစ်သူဆိုတာ မထားဖူးခဲ့။ မဥ္ဇူရီကို ချစ်ကြိုက်ကြတဲ့ ယောကျ်ားတွေက အများကြီးပဲ။ သူမက ဆေးကုဖို့ လူ့အသက်တွေကယ်နိုင်ဖို့ သာ စဉ်းစားသည် ။

မဥ္ဇူရီလည်း သူ့အနားမှာ ဝင်ထိုင်သည် ။

"ကားတွေက အရမ်းပြတ်တယ်လေ ... ညဆိုတော့ ပိုဆိုးတယ်၊ ဒီမှာက ခြံကြီးတွေ စက်ရုံတွေပဲ ရှိတာပါ ... ရွာတွေက ဝေးတယ်"

"ဟုတ်တယ်နော်"

မဥ္ဇူရီ သူ့နားကပ်ထိုင်သဖြင့် သူ့စိတ်ထဲမှာ မိန်းကလေးတစ်ယောက်နှင့် အစိမ်းကြီးမဟုတ် တာတော့ ခံစားရသည် ။ သူ့မှာ ဇနီးမယားရှိခဲ့လားပဲ။ မဥ္ဇူရီကရော ဦးလေးသီလ ပြောပြတာကတော့ ယောကျ်ားလေးတွေနှင့် ကင်းကင်းနေထိုင်တတ်သည် တဲ့ ။ ဆေးကုသပေးဖို့ ပဲ စိ

တ်ဝင်စားခဲ့တာတဲ့ ။

"မမလေးက လူနာတွေအပေါ် စေတနာမေတ္တာ အရမ်းကြီးတယ်၊ ငွေးကြေးအဓိက မထားဘူး ... ဒါတောင် ပြဿနာက တက်သေးတယ် မောင်ရင်ရယ်"

မဥ္ဇူရီနှင့် သူ စကားတွေမပြောဖြစ်ကြပဲ အတွေးကိုယ်စီနှင့် အဝေးကိုကြည့်လျက် အတွေးနယ်ချဲ့ နေကြသည် ။ သူ့အတိတ်အကြောင်းတွေကို စူးစူးနစ်နစ် စဉ်းစားတိုင်း ခေါင်းတွေက မူးနောက်ရီဝေ လာရ၏။ အဖြစ်အပျက်တွေက ဆန်းကြယ်လွန်းနေသည် ဟု ထင်သည် ။

"ကိုယ် သရက်ခြံထဲ လိုက်လာလို့ မဖြစ်ဘူးလား မဥ္ဇူရီ"

"မဖြစ်ဘူး ကင်း ... ရှင်ရှိနေတာ ပတ်ဝန်းကျင်က သတိထားမိလို့ မဖြစ်သေးဘူးလေ ... ကင်း ဘဝက မရေမရာနဲ့ ကျွန်မ နာမည်ပျက်မှာ အရမ်းကြောက်မိနေတယ်"

"မဥ္ဇူရီ သဘောပါပဲ ... ကိုယ့်စိတ်ထဲမှာ အလုပ်တွေလုပ်ချင်နေသလိုပဲ ထင်တယ်"

သူ့မှာ စီးပွားရေးလုပ်ငန်းတွေတော့ ရှိနေသလိုပဲ။ စဉ်းစားကြည့်သည် ။ လုံးဝ မှတ်မိတာမရှိ။ သူ ပြန်ထလိုက်၏။ သူ့စိတ်တွေက နောက်ကျိကျိဖြစ်လာသည် ။

"ပြန်ကြမယ်"

"ရှင် နေချင်သလောက် နေလို့ ရတယ်နော် ကင်း"

"မဥ္ဇူရီ သရက်ခြံထဲ သွားရဦးမယ် မဟုတ်လား"

"မသွားလည်း ရပါတယ်လေ ... မဥ္ဇူရီ နေ့စဉ်သွားစရာမှ မလိုတာ၊

ဟိုညကတော့ သရက်ခြံထဲ သူခိုးဝင်လို့ ပါ ... အစောင့်တွေနဲ့ ပူးပေါင်းလုပ်တာထင်တယ်"

"မဥ္ဇူရီလည်း မိန်းမသားတစ်ယောက်တည်း လုပ်ကိုင်နေရတာ ကိုယ် အကူအညီပေးချင်ပါ တယ်"

"နေပါ ကင်းရယ် ... အေးအေးဆေးဆေးနဲ့ ရှင့်အတိတ်တွေကို ပြန်စဉ်းစားဖို့ ကြိုးစားပါနော်၊ အဲဒါလည်း မဥ္ဇူရီကို ကူညီတာပါပဲ"

မဥ္ဇူရီက ကိုယ့်ကို ပြန်စေချင်နေပြီလားဟု မေးချင်သည် ။ ဒါပေမဲ့ အားနာ၍ မမေးဖြစ်ခဲ့။ မဥ္ဇူရီ လည်း ထပြီး လမ်းလျှောက်ပြန်လာခဲ့ကြ၏။ သူက ဆိုက်ဆိုက်မြိုက်မြိုက်ပင်။ မဥ္ဇူရီတို့ ခြံကြီးရှေ့အထိ အရောက်ပြန်လာခဲ့သည် ။

"ရှေးရေစက်တွေကြောင့် လာပဲ မဥ္ဇူရီရယ် ... ဟုတ်ပါတယ်၊ ကိုယ့် အတိတ်အကြောင်းတွေက မရေမရာနဲ့ မဥ္ဇူရီကို မထိခိုက်စေချင်တာ ကိုယ့်မေတ္တာပါ"

မဥ္ဇူရီတို့ နေတဲ့ ခြံကြီးထဲသို့ သူတို့ ပြန်ရောက်လာသည် ။ မဥ္ဇူရီက သူ့အတွက် ဆေးသောက်ဖို့ စီစဉ်ပြီး သူမကိုယ်တိုင် တိုက်သည် ။

"အေးအေးဆေးဆေး အနားယူနေပါ ကင်း ... ခေါင်းရှုပ်စရာတွေ မစဉ်းစားနဲ့ ဦးနော်"

"ကျေးဇူးပါပဲ မဥ္ဇူရီရယ်"

မဥ္ဇူရီက ဆရာဝန်ဆိုတော့ သူ့အတွက်လည်း အကောင်းဆုံး အခြေအနေဖြစ်သွားရသည် ။ ကံကောင်းခြင်းပဲ။ စေတနာမေတ္တာကြီးမားတဲ့ ဆရာဝန်မလေးပါ။

ဆေးကုသမှုလက်မှတ် အသိမ်းခံရတာ ကင်း စိတ်မကောင်းဖြစ်ရ၏

။ ဆေးကုသစစ်ဆေးမှုတွေ အသေအချာပြုလုပ်ပေးပြီး မဥ္ဇူရီ ပြန်ထွက်သွားလေသည် ။

***